The National Fitness Council Act, 1950.
(Act No XXXIV of 1950)

# ၁၉၅၀ ပြည့်နှစ်၊ အမျိုးသား ကိုယ်လက်ကြံ့ခိုင်ရေး ကောင်စီ အက်ဥပဒေ။

[၁၉၅၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၃၄။]

ပြည်သူတို့၏ ကျန်းမာရေးနှင့်တကွလုပ်ရည်စွမ်းအားကို တိုးတက်စေရန်၊ ပြည်သူတို့၏၊ အထူးအားဖြင့် လူငယ်တို့၏ ကိုယ်လက်ကြံ့ခိုင်ရေးကို အထူးဂရုပြု၍ဆောင်ရွက်ရန် ကိစ္စအတွက်၎င်း၊ ထိုရည်ရွယ်ချက်မှ အကြောင်းသင့်ဖြစ်ပေါ်လာသည့်၊ သို့တည်းမဟုတ် ထိုရည်ရွယ်ချက်နှင့် ဆက်စပ်သည့်အခြားကိစ္စများအတွက်၎င်း၊ ပြဋ္ဌာန်းချက်များပြုလုပ်ရန်အရေးယူဆောင်ရွက်သင့်သည် ဖြစ်သောကြောင့်—

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

အမည် နှင့် အာဏာတည်ရန်နေ့ရက်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၀ ပြည့်နှစ်၊ အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေး ကောင်စီ အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ အာဏာတည်ရန်အလို့ငှါ၊ နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့် နေ့ရက်တွင် အာဏာတည်ရမည်။

အမျိုးသားကောင်စီ ဖွဲ့စည်းခြင်း။

၂။ ။(၁) (နောင်တွင် "အမျိုးသားကောင်စီ" ဟု ရည်ညွှန်းသည့်) "အမျိုးသား ကိုယ်လက် ကြံ့ခိုင်ရေးကောင်စီ" ဟုခေါ်သော ဗဟိုကောင်စီတခုကို၊ နိုင်ငံတော် သမတက ဖွဲ့စည်းတည်ထောင်ရမည်။ ထိုအမျိုးသားကောင်စီတွင်၊ ကျန်းမာရေးဝန်ကြီးနှင့် အခြားလူကြီး ဆယ်ဦးပါဝင်ရမည်။ ကျန်းမာရေးဝန်ကြီးသည် ရာထူးအလျောက် ဥက္ကဋ္ဌဖြစ်ရမည်။ အခြားလူကြီးတို့မှာ၊ ကစားခုန်စားမှု တိုးတက်စေရန် အားပေးလျက်ရှိသည့် အကြောင်းကြောင့်သော်၎င်း၊ နိုင်ငံတွင်း၌ဖြစ်စေ၊ ကမ္ဘာနှင့်ဆက်သွယ်၍ဖြစ်စေ၊ ကစားခုန်စားမှုတို့ကို ကြီးကြပ်စီမံရာတွင် ပါဝင် ဆောင်ရွက်ခဲ့၍ ဗဟုသုတနှင့်ပြည့်စုံသည့် အကြောင်းကြောင့်သော်၎င်း၊ ပြည်ထောင်စု မြန်မာနိုင်ငံအတွင်း ကစားခုန်စားမှုဘက်တွင် ထင်ရှားသူများ ဖြစ်ရမည်။ ထိုလူကြီးများကို နိုင်ငံတော်သမတက ခန့်ထားရမည်။

(၂) ဤသို့ဖွဲ့စည်းထားသည့် အမျိုးသားကောင်စီသည်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်နိုင်ခွင့်နှင့်တကွ၊ ကောင်စီပိုင် တံဆိပ်တခုရှိသော တရားဝင်ကောင်စီ ဖြစ်ရမည့်ပြင်၊ ထိုအမည်ဖြင့် ပဋိညာဉ်စာချုပ်ကိုချုပ်ဆိုခြင်း၊ တရားစွဲဆိုခြင်း ပြုနိုင်၍၊ တရားစွဲဆိုခြင်းကိုလည်းခံရမည်။

(၃) အမျိုးသား ကောင်စီနှင့် ပုဒ်မ ၇ တွင်ရည်ညွှန်းသည့်အမြဲတမ်းကော်မီတီများနှင့် ဒေသန္တရ ကောင်စီများဆိုင်ရာလူကြီးများအား၊ နိုင်ငံတော် သမတ ပြဋ္ဌာန်းထားသည့် ခရီးစရိတ်နှင့် အခြားစရိတ်များပေးရမည်။

Price,—One anna.]

လူကြီးများ၏ရာထူး သက်တမ်း။

၃။ ။(၁) ထို့သို့ခန့်ထားသောအမျိုးသား ကောင်စီနှင့်ဒေသန္တရကောင်စီ လူကြီးများသည်၊ သုံးနှစ်တိုင်တိုင် ရာထူး၌ထမ်းရွက်ရမည်။

(၂) ရံဖန်ရံခါ နေရာလစ်လပ်သော အခါ၊ ထိုလစ်လပ်သည့် နေရာတွင် လူကြီးသစ်ခန့်ထားရမည်။ ထိုလူကြီးသစ်သည်၊ ထိုနေရာသာမလစ်လပ်ပါမူ၊ ထိုနေရာတွင် ယခင်ထမ်းရွက်ခဲ့သူလူကြီး၏ ထမ်းရွက်ရန်ကျန်သေးသည့် ကာလ အပိုင်းအခြား အတွက်သာ ထမ်းရွက်ရမည်။

(၃) အမျိုးသား ကောင်စီတွင် နေရာလစ်လပ်သောကြောင့်ဖြစ်စေ၊ လူကြီးတဦးတယောက် ခန့်ထားရာ၌ချို့ယွင်းချက်ရှိသောကြောင့်ဖြစ်စေ၊ ထိုကောင်စီ၏ ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်းမရှိစေရ။

အမျိုးသား ကိုယ်လက် ကြံ့ခိုင်ရေးအတွက် ညှိနှိုင်း ဆောင်ရွက်ခြင်း။

၄။ ။အမျိုးသားကောင်စီသည်၊ အမျိုးသား၏ ကိုယ်လက် ကြံ့ခိုင်ရေးနှင့် ပတ်သက်သည့် ကိစ္စအားလုံးကို၎င်း၊ အမျိုးသား ကိုယ်လက်ကြံ့ခိုင်ရေး စီမံကိန်းများကိုပေါင်းရေးဆွဲ၍ လုပ်ကိုင်ရန်၎င်း၊ ဗဟို ညှိနှိုင်း ဆောင်ရွက်ရေး အဖွဲ့အစည်း အဖြစ် ဆောင်ရွက်ရမည်။

အမျိုးသားကောင်စီက ဆက်သွယ်သူအဖြစ်ဆောင် ရွက်ခြင်း။

၅။ ။အမျိုးသား ကောင်စီသည်၊ အသိအမှတ်ပြုထားသည့် ကစားခုန်စားမှုဆိုင်ရာ စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် ကိုယ်လက် ကြံ့ခိုင်ရေးတွင် စိတ်ဝင်စားသည့် အစိုးရ ဌာနများ၊ သို့တည်း မဟုတ် ဒေသန္တရ အာဏာပိုင်တို့ စပ်ကြားတွင်ဆက်သွယ်သူအဖြစ် ဆောင်ရွက်ရမည်။

အမျိုးသား ကောင်စီ၏ ကမ္ဘာ့ဆက်သွယ်ရေး။

၆။ ။အမျိုးသား ကောင်စီသည်၊ အခြားနိုင်ငံများရှိအလားတူအဖွဲ့အစည်းများနှင့် ဆက်သွယ်မှု ပြုရမည့်ပြင်၊ ထိုအဖွဲ့အစည်းများထံမှ ရရှိသည့်၊ သို့တည်းမဟုတ်ထိုအဖွဲ့အစည်းများထံသို့ပေးပို့သည့် သတင်းနှင့် အခြားအကြောင်း အရာများကို တဆင့်မှာယူပေးပို့သည့်ဌာနအဖြစ်ဆောင်ရွက်ရမည်။

အမြဲတမ်းကော်မီတီများနှင့် ဒေသန္တရကောင်စီများ။

၇။ ။အမျိုးသား ကောင်စီသည်၊ အမြဲတမ်းကော်မီတီများကို ဖွဲ့စည်းနိုင်၍၊ ပြည်ထောင်စုမြန်မာနိုင်ငံ တဝှမ်းလုံးတွင်ဒေသန္တရကောင်စီများကိုဖွဲ့စည်းတည်ထောင် နိုင်သည့်ပြင်၊ ဤအက်ဥပဒေအရ မိမိ၏အာဏာများကို သုံးစွဲရန်နှင့်မိမိ၏ တာဝန်ဝတ်တရားများကို ဆောင်ရွက်ရန်ကိစ္စအလို့ငှါ၊ မိမိသင့်လျော်သည် ထင်မြင်သည့် မိမိ၏အာဏာများနှင့်တာဝန်ဝတ်တရားများကို၊ မိမိသင့်လျော်သည် ထင်မြင်သည့်အမြဲတမ်းကော်မီတီများသို့၊ သို့တည်းမဟုတ် ဒေသန္တရကောင်စီများသို့ လွှဲအပ်နိုင်သည်။

ကစားကွင်းများ၊ ကစား ပျော်ရွှင်မှုနှင့် လေ့ကျင့်ရေး စခန်းများကို ကြီးကြပ် အုပ်ချုပ်ခြင်း။

၈။ ။ဤအက်ဥပဒေတင်အာဏာမတည်မီအခါက၊ ကိုယ်လက် ကြံ့ခိုင်မှု လေ့ကျင့်ရေးနှင့်ကစားပျော်ရွှင်မှုကိစ္စများအတွက် အစိုးရက အသုံးပြု၍ ကြီးကြပ်စီမံအုပ်ချုပ်လျက် သီးသန့်ထားသည့် ပြည်သူ့ကစားကွင်းများ၊ ကစားပွဲကွင်းများ၊ ကစားပြိုင်ပွဲ ကွင်းကြီးများ၊ အားကစားရုံများ၊ ရေကူးကန်များ၊ ရေကူး ဆိပ်များ၊ အားလပ်ရက်စခန်းများ၊ အားလပ်ရက်စခန်းချရန်

နေရာများမှစ၍၊ အခြားကာယဗလလေ့ကျင့်ရေးနှင့်ကစားပျော်ရွှင်မှုဌာနများကို၊ ထိုဌာနများတွင်တည်ရှိသည့် အရစ်ရစ်အဆောက်အအုံများ၊ အခြားရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများနှင့်တကွ၊ ပြည်သူ့ကောင်စီကသိမ်းယူ၍ စီမံအုပ်ချုပ်ရမည်။

ပစ္စည်း ရယူနိုင်သည့် အမျိုးသား ကောင်စီ၏ အာဏာများ။

၉။ ။(၁) အမျိုးသားကောင်စီမှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံတစ်ခွင်လုံးတွင် ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများနှင့် မရွှေ့ပြောင်း နိုင်သည့် ပစ္စည်းများကိုဖြစ်စေ၊ ထိုပစ္စည်းများတွင်အကျိုးသက်ဆိုင်ခွင့်ကိုဖြစ်စေ၊ ဤအက်ဥပဒေပါကိစ္စများအလို့ငှါ၊ ရယူ၍လက်ရှိထားနိုင်သည့်အာဏာရှိရမည်။

မြေများသိမ်းယူခြင်း။

(၂) ဤအက်ဥပဒေပါကိစ္စများအတွက်၊ မည်သည့်မြေကိုမဆို အလိုရှိ၍ အမျိုးသားကောင်စီက လျှောက်ထားသောအခါ၊ နိုင်ငံတော်သမတသည်၊ မြေသိမ်းအက်ဥပဒေပါပြဋ္ဌာန်းချက်များအရ၊ မြေကိုသိမ်းယူရန် ဆောင်ရွက်နိုင်သည်။ ထို့ပြင်ထိုအက်ဥပဒေအရဆုံးဖြတ်သည့်လျော်ကြေးကို အမျိုးသားကောင်စီက ပေးသောအခါ၊ မြေကိုအမျိုးသားကောင်စီကပိုင်ရမည်။

ကစားကွင်းများ၊ကစားပျော်ရွှင်မှုနှင့် လေ့ကျင့်ရေးဌာနများကို စီမံထားရှိခြင်း။

၁၀။ ။အမျိုးသား ကောင်စီသည်၊ ကစားကွင်းများ၊ ကစားပွဲကွင်းများ၊ ကစားပြိုင်ပွဲကွင်းကြီးများ၊အားကစားရုံများ၊ရေကူးကန်များ၊ ရေကူးဆိပ်များ၊ အားဖာပ်ရက်စခန်းများ၊ အားလပ်ရက်စခန်းချရန် နေရာများမှစ၍၊ အခြားကာယဗလလေ့ကျင့်ရေးနှင့်ကစားပျော်ရွှင်မှုစခန်းများအတွက်မြေရာများကို အကွက်သတ်မှတ်၍၊ ထိုမြေရာများတွင် သင့်လျော်သည့် အဆောက်အအုံများ ဆောက်လုပ်နိုင်သည်၊ သို့တည်းမဟုတ်လိုအပ်သည့်အရာများဖြင့် အခြားနည်းစီမံထားရှိနိုင်သည်။

နည်းပြဆရာများ၊ သင်တန်းဆရာများနှင့် စည်းရုံးရေးမှူး များကို သင်တန်းပေးခြင်း။

၁၁။ ။အမျိုးသားကောင်စီသည်၊ ဤအက်ဥပဒေအရ စီမံထားသည့်အခွင့်အလမ်းများကို ထိရောက်စွာအသုံးပြုနိုင်စေခြင်းငှါ၊ နည်းပြဆရာများ၊ သင်တန်း ဆရာများနှင့် စည်းရုံးရေးမှူးများအတွက် သင်တန်းများထားရှိနိုင်သည်။

အရာရှိများ၊ အမှုထမ်းများနှင့် အခြား အလုပ်သမားများခန့်ထားခြင်း။

၁၂။ ။အမျိုးသားကောင်စီသည်၊ နိုင်ငံတော်သမတ၏ စီမံအုပ်ချုပ်ခြင်းကိုလိုက်နာလျက်၊ မိမိ၏အလုပ်ဝတ်တရားများကို ထိရောက်စွာဆောင်ရွက်နိုင်ရန်အလို့ငှါ၊လိုအပ်သည့်အရာရှိများ၊အမှုထမ်းများနှင့် အခြားအလုပ်သမားများကိုခန့်ထား၍ နိုင်ငံတော်သမတကသတ်မှတ်သည့်လစာနှင့်စရိတ်များကိုပေးနိုင်သည်။

ရံပုံငွေ တည်ထောင်ခြင်း။

၁၃။ ။"အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီရံပုံငွေ" ဟု ခေါ်တွင်သည့် ရံပုံငွေတရပ်ထားရှိရမည်။ ယင်းရံပုံငွေကို အမျိုးသားကောင်စီက စီမံအုပ်ချုပ်ရမည်။ အောက်ပါငွေများကို ထိုရံပုံငွေသို့ထည့်သွင်းရမည်။

(၁) အမျိုးသားကောင်စီက၊ ဤအက်ဥပဒေအရ မိမိ၏အာဏာများကိုသုံးစွဲရန်နှင့် မိမိ၏တာဝန်ဝတ်တရားများကို ဆောင်ရွက်ရန်ကိစ္စအလို့ငှါ၊ အစိုးရထံမှရရှိသောငွေအရပ်ရပ်။

(၂) အမျိုးသားကောင်စီက၊ သို့တည်း မဟုတ် အမျိုးသားကောင်စီအတွက်၊ ပုဂ္ဂိုလ်တဦးချင်းထံမှဖြစ်စေ၊ အသင်းအဖွဲ့များထံမှဖြစ်စေ၊ ထောက်ပံ့ငွေများ၊ အလှူငွေများအဖြစ်သော်၎င်း၊ အခြားနည်းသော်၎င်း ရရှိသောငွေများ။

(၃) အမျိုးသားကောင်စီပိုင် ပစ္စည်းများမှ ရရှိလသည့် ဝင်ငွေအရပ်ရပ်။

၁၄။ ။(၁) အမျိုးသားကောင်စီသည်၊ ရံပုံငွေကို အောက်ပါကိစ္စများအတွက်သုံးစွဲနိုင်သည်။

ရံပုံငွေသုံးစွဲခြင်း။

(က) ဤအက်ဥပဒေပါ ကိစ္စများကို ဆောင်ရွက်ရာ၌ ကုန်ကျသည့်စရိတ်များကိုကျခံရန်။

(ခ) အမျိုးသား ကောင်စီက ဒေသန္တရ ကောင်စီများသို့ ဤ အက်ဥပဒေ အရ လွှဲအပ် ထားသည့် အလုပ်ဝတ်တရား များကို ဆောင်ရွက်ရန် ကိစ္စအလို့ငှါ၊ ထိုကောင်စီများသို့ငွေထောက်ပံ့ရန်။

(ဂ) ဂိုယ် လက် ကြံ့ခိုင် ရေး ကို အားပေးရန် ကိစ္စအလို့ငှါ၊ မည်သည့်အဖွဲ့အစည်းသို့မဆိုငွေထောက်ပံ့ရန်။

(၂) အမျိုးသားကောင်စီသည်၊ ငွေထောက်ပံ့သည့်အခါ၌၊ မိမိ ကာင့်လျော်သည်ထင်မြင်သည့်စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

၁၅။ ။(၁) အမျိုးသားကောင်စီသည်၊ မိမိရရှိသည့်ငွေနှင့် သုံးစွဲသည့်ငွေအားလုံးအတွက် ငွေစာရင်းများထားရှိစေရမည်။

ငွေစာရင်းနှင့် ငွေစာရင်းစစ်ခြင်း။

(၂) ငွေစာရင်း များကို၊ ပြဋ္ဌာန်း ထားသည့် စာရင်းစစ်များက၊ ပြဋ္ဌာန်းထားသည့်နည်းလမ်းအတိုင်းကြည့်ရှုစစ်ဆေးရမည်။

၁၆။ ။နိုင်ငံတော်သမတသည်၊ မည်သည့်အခါမဆို၊ အမိန့်ကြော်ငြာစာဖြင့် အမျိုးသားကောင်စီကို ဖျက် သိမ်းကြောင်း ကြေညာနိုင်သည်၊ ယင်းသို့သောအမိန့်ကြော်ငြာစာကိုထုတ်ပြန်သောအခါ၊ ဤအက်ဥပဒေအရ၊ အမျိုးသားကောင်စီ၌တည်ရှိခဲ့သောပစ္စည်းအားလုံး၊ အမျိုးသားကောင်စီပိုင်ဆိုင်သော အခြားပစ္စည်းအားလုံးနှင့် ရံပုံငွေသည်၊ နိုင်ငံတော်သမတ၌တည်ရှိ၍ နိုင်ငံတော်သမတက ထိုပစ္စည်းများနှင့်ရံပုံငွေကိုသိမ်းယူရမည်။

နိုင်ငံတော်သမတ၏ အမျိုးသား ကောင်စီကို ဖျက်သိမ်းနိုင်သည့်အာဏာ။

၁၇။ ။(၁) နိုင်ငံတော်သမတသည်၊ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များကိုဆောင်ရွက်ရန်အလို့ငှါ၊ နည်းဥပဒေများပြုလုပ်နိုင်သည်။

နည်းဥပဒေများပြုလုပ်နိုင်ခွင့်အာဏာ။

(၂) ဆိုခဲ့သည့်အာဏာ၏ ယေဘုယျသဘောကို မထိခိုက်စေဘဲ၊ ထိုနည်းဥပဒေများသည် အထူးသဖြင့် အောက်ပါအချက်များကိုပြဋ္ဌာန်းနိုင်သည်။

(က) ကစားခုန်စားမှုများ ဆိုင်ရာစီမံအုပ်ချုပ်ရေးအဖွဲ့များအား အသိအမှတ်ပြုခြင်း။

(ခ) အမြိတမ်းကော်မီတီများကိုဖွဲ့စည်းခြင်းနှင့် ဒေသန္တရကောင်စီများကိုတည်ထောင်ခြင်း၊ ထိုပြင် ဤအက်ဥပဒေအရ၊ အမျိုးသားကောင်စီ၏မည်သည့်အာဏာများနှင့် အလုပ်ဝတ္တရားများကိုမဆို၊ အခါပါကော်မီတီနှင့်ကောင်စီတို့အားလွှဲအပ်ခြင်း။

(ဂ) အမျိုးသားကောင်စီနှင့် ဒေသန္တရကောင်စီတို့၏အရာရှိများ၊ အမှုထမ်းများနှင့် အခြားအလုပ်သမားများကို ခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်းနှင့်ရာထူးမှ အမြဲထုတ်ပယ်ခြင်းများအပြင်၊ ထိုသူတို့၏ရာထူးများကိုတည်ထွင်ခြင်းနှင့်ဖျက်သိမ်းခြင်း။

(ဃ) အမျိုးသားကောင်စီနှင့် ဒေသန္တရကောင်စီများ၏ အရာရှိများ၊ အမှုထမ်းများနှင့် အခြားအလုပ်သမားများ၏အမှုထမ်းစည်းကမ်းချက်များ၊ (ထိုစည်းကမ်းချက် များတွင် ရာထမ်း မှုထမ်းများ၏ လစာငွေ၊စရိတ်ကြေးငွေများနှင့် အားလပ်ခွင့်ပါဝင်သည်)။

(င) အမျိုးသားကောင်စီ၊ သို့တည်းမဟုတ် အမြဲတမ်းကော်မီတီများနှင့် ဒေသန္တရ ကောင်စီများ၏ အစည်းအဝေးများတွင်၊ အစည်းအဝေး၊ အထမြောက်ရေးအတွက် လိုအပ်သောလူကြီးဦးရေနှင့် ထိုအစည်းအဝေးများ၌ လိုက်နာရမည့်နည်းလမ်း။

(စ) အမျိုးသားကောင်စီလူကြီးများ၊ အမြဲတမ်းကော်မီတီလူကြီးများနှင့် ဒေသန္တရကောင်စီလူကြီးများ၏ ခရီးစရိတ်များ။

(ဆ) ဒေသန္တရကောင်စီများသို့ဖြစ်စေ၊ အခြားမည်သည့်အဖွဲ့အစည်းသို့ဆို ဖြစ်စေ၊ ငွေထောက်ပံ့ရန်နည်းလမ်းနှင့် စည်းကမ်းချက်များ။

(ဇ) အမျိုးသားကောင်စီ၏ ဝင်ငွေနှင့် အသုံးစရိတ်များ အတွက် ငွေ စာ ရင်း များ စီ မံ ထား ရှိခြင်း နှင့် ထို ငွေ စာ ရင်း များကို စစ်ဆေးခြင်း။

(ဈ) အမျိုးသားကောင်စီ၏ရငွေများနှင့် အသုံးစရိတ်အတွက် ရသုံးခန့်မှန်းခြေစာရင်းများကို စီစဉ်ပြုလုပ်ခြင်း။

(ည) အမျိုးသား ကိုယ်လက်ကြံ့ခိုင်ရေး ကောင်စီရံပုံငွေကို ဘဏ်၌ အပ်နှံထားခြင်းနှင့် ရင်းနှီးခြင်း။

(ဋ) အမျိုးသားကောင်စီ၊ သို့တည်းမဟုတ် အမြဲတမ်းကော်မီတီများ၊ သို့တည်းမဟုတ် ဒေသန္တရကောင်စီများ ထားရှိရမည့် မှတ်ပုံစာရင်းများနှင့် အခြားမှတ်တမ်းများ။

(ဌ) အမျိုးသားကောင်စီကဖြစ်စေ၊ အမျိုးသားကောင်စီအတွက်ဖြစ်စေ၊ ပဋိညာဉ်စာချုပ်များချုပ်ဆိုရာ၌ လိုက်နာရမည့် စည်းကမ်းချက်များနှင့်နည်းလမ်း။

(ဍ) ဤအက်ဥပဒေအရ ပြဋ္ဌာန်းရန်ရှိသည့်၊ သို့တည်းမဟုတ် ပြဋ္ဌာန်းနိုင်သည့်အခြားကိစ္စများ။

SU.B.C.P.O.—No. 16, M. of J. A.—7-11-50—2,500—II.